# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို
# ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက်
# ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းနှင့်
# ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်း

အထောက်အကူပြုဖောင်ဒေးရှင်း။

ဇူလိုင်လ - ၂၀၂၆ ခုနှစ်

နိဒါန်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) အနေဖြင့်လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ချေးငွေများစသည့် ငွေကြေး လိုအပ်ချက်များအတွက်အလုပ်အမှုဆောင်ကော်မတီမှ တိုက်ရိုက်စီမံခန့်ခွဲသည့်စနစ်ဖြင့် ဆောင်ရွက်လျှက် ရှိပါ သည်။

သို့ဖြစ်ပါ၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ မှု အန္တရာယ် အကဲဖြတ်ခြင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်ရာသို့ သတင်းပေး ပို့မှု တို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဖောင်ဒေးရှင်း အလုပ်အမှုဆောင်ကော်မတီမှတိုက်ရိုက်စီမံဆောင်ရွက်ပါ သည်။

**<u>ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်အရ</u>**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) လုပ်ငန်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ် ဖော်ထုတ်နိုင်ခြင်း မရှိသည့် အမည် သို့မဟုတ် အမှတ်အသား များကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့်အမည် သို့မဟုတ် မမှန်ကန်သည့် အမည်၊ အချက်အလက်များကို အသုံးပြု၍ ဝင်ရောက်လာသည့် အသင်းဝင်များ၊အကျိုးစီးပွားဆက်သွယ် ဆောင်ရွက်သူများအား လက်ခံခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ၎င်းတို့ထံမှ ငွေကြေး နှင့်ဝန်ဆောင်မှု ရယူခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရ။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) သည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအပေါ် သံသယဖြစ်၍လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက် သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူက သတိပြုမိသည်ဟုယုံကြည်ရန်အကြောင်းရှိသည့်အခါတွင်လည်းကောင်း၊ အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ် ကို ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ သံသယဖြစ်ဖွယ် သတင်းပို့ချက်အဖြစ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ ပေးပို့ရမည်။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) လုပ်ငန်းသည် အကျိုးစီးပွားဆက်ဆံ ဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များ၊ အကျိုးစီးပွားရေးဆိုင်ရာ ဆောင်ရွက် ချက်များ၊ အန္တရာယ်ရှိမှု အဆင့်အတန်းများနှင့် ကိုက်ညီစေရန် မည်သည့် လွှဲပြောင်း ဆောင်ရွက်မှုကို မဆို သေချာစွာ စိစစ်ရမည်။ လိုအပ်ပါက

ငွေကြေးဇစ်မြစ်ကိုလည်း စိစစ်ရမည်။ စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲ ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်းလှူဒါန်းဆောင်ရွက်မှုအားလုံး၊ ပုံမှန်မဟုတ် သော ပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုအားလုံးကို စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

၄။ ပြည်တွင်း၊ ပြည်ပတွင် နိုင်ငံရေးသြဇာတိက္ကမ ရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့် အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှု စနစ်ထားရှိပြီးအောက်ပါအတိုင်းဆောင်ရွက်ရမည်။

- လုပ်ငန်းဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အဖွဲ့အစည်း၏ အကြီးတန်း စီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊
- အန္တရာယ်အဆင့်မြင့်မားသော သြဇာတိက္ကမရှိသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ ဆက်နွယ်သူများနှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များရပ်ဆိုင်း၍ သံသယ ဖြစ်ဖွယ် သတင်းပေးပို့ချက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ခြင်း။
- ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများ (သို့မဟုတ်) လူပုဂ္ဂိုလ်တို့နှင့်ပူးပေါင်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း အပါအဝင် အခြားသောပြစ်မှုများ ကျူးလွန်ခြင်း၊ ပါဝင်ပတ်သက်ခြင်း၊ အားပေးအားမြှောက်ပြုခြင်း တို့တွင် ပါဝင်ခဲ့သဖြင့် အရေးယူခံရခြင်း၊ တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခံရသည့် နာမည်ပျက်စာရင်း အဖွဲ့အစည်းများ၊ မဖြစ်စေရေး အလေးထားစိစစ်ဆောင်ရွက်ရန်။
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) သည် ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများထံမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေများ ရယူရာတွင် ၎င်းအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုကျူးလွန်ခြင်း၊ ပါဝင်ပတ်သက်ခြင်း၊ အားပေးအားမြှောက်ပြုခြင်းတို့တွင် ပါဝင်မှု မရှိသော အဖွဲ့အစည်း ဖြစ်စေရေး အလေးထားစိစစ်ဆောင်ရွက်ရန်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) သည်အောက်ပါသတင်းအချက်အလက်ဆိုင်ရာမှတ်တမ်းများကိုထိန်းသိမ်းထားရှိရမည့်အပြင်ယင်းမှတ်တမ်း များ နှင့် အရေးပါသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့် ဆောင်ရွက်ထား ရမည်ဖြစ်ပါသည်။

(က) လုပ်ငန်းဆက်ဆံဆောင်ရွက်မှု ရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါ လွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ အထောက်အထားများ၊ မှတ်တမ်းများနှင့် လုပ်ငန်းအကျိုးစီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင်သက်သေခံအထောက်အထားဆိုင်ရာစာရွက်စာတမ်းများ၊ ဆက်သွယ် ဆောင်ရွက် သူ အပေါ် အလေးထားစိစစ်ခြင်းမှ တစ်ဆင့် ရရှိထားသော မှတ်တမ်း

မှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်း စိတ်ဖြာ စိစစ်ခြင်းမှမဆို ရရှိသည့် ရလဒ်များ၊

(ခ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ် ကြာပြီး ဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှု ပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့် အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အခြေပြုစီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားချက် အရ**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း(ECLOF) အနေဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအန္တရာယ်အကဲဖြတ်ခြင်း၊ ကြိုတင်ကာကွယ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ရန်တို့ကိုပြုလုပ်နိုင်ရန် အတွက်(ပူးတွဲပါ ဆောင်ရွက်ချက်များနှင့်အညီ) အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းကြပါသည်။

| စဉ် | ရာထူး | တာဝန် | |
|---|---|---|---|
| ၁။ | အထွေထွေအတွင်းရေးမှူး | အဖွဲ့ခေါင်းဆောင် | (၁)ဦး |
| ၂။ | အလုပ်အမှုဆောင် | အဖွဲ့ဝင် | (၃)ဦး |
| ၃။ | Complies Officer | အဖွဲ့ဝင် | (၁)ဦး |
| | **စုစုပေါင်း** | | **(၅)ဦး** |

၂။ AML/CFT ဆိုင်ရာ စွန့်စားမှုအန္တရာယ်စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အသုံးပြုမည့် နည်းစနစ်များကို ရေးဆွဲထားရှိရာတွင် အောက်ပါလုပ်ငန်းစဉ်များပါဝင်ရမည်။

(က) လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသော AML/CFT ဆိုင်ရာ စွန့်စားမှုအန္တရာယ်များကို ဖော်ထုတ်သုံးသပ်အကဲဖြတ်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း၏အသင်းဝင်များအကြောင်းကို သိရှိခြင်းနှင့်အသင်းဝင်များအားအလေးထားစောင့်ကြည့်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသင်းဝင်များ ၏ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက် (Cash Transaction) များကို စောင့်ကြည့်လေ့လာ ကြပ်မတ်ခြင်း၊

(ဃ) သံသယဖြစ်ဖွယ်လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကြီးကြပ်မှု အာဏာပိုင် (Competent Authority) များထံသတင်းပို့ခြင်း၊

(င) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်တမ်းများကို ထိန်းသိမ်းခြင်း၊

(စ) ချမှတ်သော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်းတွင် တည်ရှိနေသော အသင်းဝင်များနှင့် ဝန်ဆောင်မှုများ ဖြန့်ဝေရေးလမ်းကြောင်း၊ ပထဝီဝင်ဒေသဆိုင်ရာ စွန့်စားမှုများနှင့် လိုက်လျောညီထွေကျင့်သုံးနိုင်ခြင်း၊

(ဆ) ဝန်ထမ်းအားလုံးနှင့် ပွင့်လင်းမြင်သာစွာ ဆက်သွယ်ဆောင်ရွက်ပြီး လိုအပ်သော အထောက်အထားများပြုစုထားခြင်း၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း၏ စွန့်စားမှုအန္တရာယ်အခြေအနေ ပြောင်းလဲမှုနှင့် အညီ ဆောင်ရွက်နိုင်ရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ခြင်း၊

(ဈ) AML/CFT ဆိုင်ရာ စွန့်စားမှုများကို စီမံခန့်ခွဲရာတွင် ရှင်းလင်းတိကျသော တာဝန်ယူမှု တာဝန်ခံမှုလုပ်ငန်းစဉ်၊ အဆင့်ဆင့်သတင်းပို့စနစ်များကို ယင်းလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော လူပုဂ္ဂိုလ်များနှင့် ဌာနခွဲများ အားလုံးက ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း။

၃။ စွန့်စားမှုအခြေပြုချဉ်းကပ်မှုဖြင့် AML/CFT ဆိုင်ရာ စွန့်စားမှုများကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။

(က) အသင်းဝင်/ဆက်သွယ်ဆောင်ရွက်သူများ (Beneficiaries)

(ခ) ဖြန့်ဝေသော ဝန်ဆောင်မှု/ ထုတ်ကုန်များ (Services Products)

(ဂ) ဝန်ဆောင်မှု / ထုတ်ကုန်များ ဖြန့်ဝေသော လမ်းကြောင်းများ (Distribution Channels)

(ဃ) လုပ်ငန်းဆောင်ရွက်သော နယ်မြေဒေသများ ( Operation Areas)

၄။ စွန့်စားမှု စီမံခန့်ခွဲမှုအဆင့်များကို အောက်ပါအတိုင်းသတ်မှတ်ပါသည်။

(က) စွန့်စားမှုကိုသတ်မှတ်ဖော်ထုတ်ခြင်း (Risk Identification)

(ခ) စွန့်စားမှုကိုသုံးသပ်အကဲဖြတ်ခြင်း (Risk Assessment)

(ဂ) စွန့်စားမှုကို စီမံခန့်ခွဲခြင်း ( Risk Management)

(ဃ) စွန့်စားမှုကို စောင့်ကြည့်ကြပ်မတ်ခြင်း ( Risk Monitoring)

၅။ မှတ်တမ်းများထားရှိခြင်း (Record Keeping)

(က) အလုပ်အမှုဆောင်ကော်မတီဝင်များ၊ဝန်ထမ်းများတို့၏ အထောက်အထားများကို AML မူဝါဒနှင့်အညီ စိစစ်ပြီး ထားရှိခြင်း။

(ခ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများထံမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေများ ရယူရာတွင် ၎င်းအဖွဲ့အစည်းများထံမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေများ ရယူရာတွင် ၎င်းအဖွဲ့အစည်းသည်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုကျူးလွန်ခြင်း၊ ပါဝင်ပတ်သက်ခြင်း၊ အားပေးအားမြှောက်ပြုခြင်းတို့တွင် ပါဝင်မှု မရှိသော အဖွဲ့အစည်း ဖြစ်စေရေး အလေးထားစိစစ်ဆောင်ရွက်ရန်။

(ဂ) AML/CFT လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သော ဆက်သွယ်ဆောင်ရွက်သူ/ အသင်းဝင်၊ မိတ်ဖက်ဆောင်ရွက်သူ/ အဖွဲ့အစည်း၊ ဆက်သွယ်ဆောင်ရွက်သည့်ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည့်စုံစွာ ရရှိနိုင်ရေး အလေးထားစိစစ်ဆောင်ရွက်ရန်၊

(ဃ) Reporting Sturcture နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ကို field Level တွင် field Officer မှ အစီအစဥ်အရာရှိ မှ Complaince Officer ၊ Compliance Officer မှတဆင့် Committee သို့ အဆင့်ဆင့်တင်ပြရန်။

၆။ စွန့်စားမှုအခြေအနေ ထိန်းချုပ်ခြင်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော် စောင့်ကြည့်ကြပ်မတ်ခြင်းကို အောက်ပါအတိုင်းလိုက်နာကျင့်သုံးရမည်။

(က) အသင်းဝင်၊ ဆက်သွယ်ဆောင်ရွက်သူများ၏ လုပ်ဆောင်ချက်များ ၊ သတင်းအချက်အလက် အထောက်အထားများအပါအဝင် CDD လုပ်ငန်းစဉ်များကို နောက်ဆုံးအခြေအနေနှင့် အညီ ထိန်းသိမ်း ခြင်း။

(ခ) AML/CFT နှင့် ပတ်သက်၍ ဝန်ထမ်းများ၏ အသိအမြင် ကြွယ်ဝမှုနှင့် သင်တန်းပေးမှုများ၏ ထိရောက်မှုကို စဉ်ဆက်မပြတ် သုံးသပ်ခြင်း။

(ဂ) AML/CFT ဆိုင်ရာ စည်းမျဥ်းလိုက်နာမှုများ အစီအစဉ်များကို ဌာနတွင်း စာရင်းစစ်နှင့် ပြင်ပ စာရင်းစစ်အပါအဝင် သုံးသပ်ရေးအဖွဲ့များမှ တစ်ဆင့် စောင့်ကြည့်ကြပ်မတ်ခြင်း။

(ဃ) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိနှင့် အဆင့်မြင့်စီမံခန့်ခွဲရေးအဖွဲ့တို့ ပုံမှန် ဆက်သွယ်ဆောင်ရွက်ခြင်း။

(င) အချိန်နှင့်တပြေးညီပေးပို့သော Sanction List များနှင့် တိုက်ဆိုင်စစ်ဆေးရန်။

၇။ စွန့်စားမှုအန္တရာယ်အရင်းအမြစ်များနှင့် ပတ်သက်၍ စွန့်စားမှု အနည်းအများကို သတ်မှတ်ဖော်ထုတ် ရာတွင် အောက်ပါအတိုင်း စိစစ်ဖော်ထုတ်ပါသည်။

(က) စွန့်စားမှုမြင့်မားသော လုပ်ဆောင်ချက်များ

(၁) အသစ်ဝင်ရောက်လာသော အသင်းဝင်များ၊အလှူရှင်များ

(၂) နိုင်ငံရေးသြဇာတိက္ကမရှိသူများ (Political Exposed Person-PEP)

(၃) ယခင်ကအလွဲသုံးစားမှု ပြုရန် ကြိုးပမ်းခဲ့ဖူးသော အသင်းဝင်များ၊

(၄) KYC မရှိသော အသင်းဝင်များ၊အကျိုးခံစားခွင့်ရှိသူများ

(၅) တဆင့်ခံစည်းရုံးသူများမှတဆင့် အသင်းဝင်အဖြစ် ဝင်ရောက်လာသူများ၊

(၆) အီလက်ထရောနစ် ငွေလွှဲပြောင်းခြင်းဆောင်ရွက်သည့် အသင်းဝင်များ၊

(ခ) စွန့်စားမှု အလယ်အလတ်ရှိသော လုပ်ဆောင်ချက်များ

(၁) စွန့်စားမှုရှိသော အတန်းအစားတွင် ထည့်သွင်းထားသော အသင်းဝင်များ၏ ဆောင်ရွက်ချက်များ၊

(၂) သတင်းပို့ပမာဏထက်ကျော်လွန်သော အသင်းဝင်များ၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များ၊

(၃) ပြည်တွင်း/ပြည်ပရှိ အလှူရှင်/အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေပစ္စည်း ရယူခြင်း နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များ၊

(ဂ) စွန့်စားမှုနည်းသော အကြောင်းအရာများ

(၁) ပြည်တွင်း ဝင်ငွေရလမ်းဖော်ပြနိုင်သောအလှူရှင်များ/အသင်းဝင်များ

(၂) ဒါရိုက်တာအဖွဲ့ဝင်များနှင့်ခန့်အပ်သောဝန်ထမ်းများသည်ငွေကြေးစုံစမ်း စစ်ဆေးရေးဌာန (သို့) AMLT အဖွဲ့၏အမည်ပျက်စာရင်းတွင်မပါရှိသူများ

(၃) အလှူရှင်များနှင့်အကျိုးခံစားခွင့်ရှိသူများသည် ငွေကြေးစုံစမ်း စစ်ဆေးရေးဌာန (သို့) AMLT အဖွဲ့၏အမည်ပျက်စာရင်းတွင်မပါရှိသူများ

၈။ အသင်းဝင်လက်ခံရေးမူဝါဒ ချမှတ်သုံးစွဲရာတွင် လိုက်နာရမည့်အချက်များ

(က) ခိုင်မာသောသတင်းအရင်းအမြစ်မှ ဖော်ထုတ်ချက်အရ အသင်းဝင်သည် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ပြစ်မှုကျူးလွန်သည့် အစုအဖွဲ့တွင် ပါဝင်သူမဖြစ်ရန်၊

(ခ) ခိုင်မာသောသတင်းအရင်းအမြစ်မှ ဖော်ထုတ်ချက်အရ အသင်းဝင်သည် အကြမ်းဖက်သူ သို့မဟုတ် အကြမ်းဖက်အုပ်စုတွင် ပါဝင်သူမဖြစ်ရန်၊

(ဂ) အသင်းဝင်သည် အဂတိလိုက်စားမှု သို့မဟုတ် အလားတူဆောင်ရွက်ချက်များပြုသော (ဥပမာ- တရားမဝင် မူးယစ်ဆေးဝါးနှင့် အလားတူ ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသော) မဖြစ်ရန်၊

အသင်းဝင်တစ်ဦးအား လက်ခံမည်ဆိုလျှင် ရှိရမည့် အချက်များ(KYC)

(၁) အသင်းသားအမည်

(၂) အဖအမည်

(၃) မှတ်ပုံတင်အမှတ်

(၄) မွေးသက္ကရာဇ်

(၅) နေရပ်လိပ်စာ

(၆) ဆက်သွယ်ရန်ဖုန်းနံပါတ်

၉။ စွန့်စားမှုအခြေပြုချည်းကပ်ခြင်းမဟာဗျူဟာ ကျင့်သုံးဆောင်ရွက်ခြင်း

(က) အသင်းဝင်များအတွက် စွန့်စားမှု အတန်းအစားခွဲခြားခြင်းကို “ High, Medium, Low” ဟူ၍ ခွဲခြားပြီး CDD/EDD လိုအပ်သလို ဆောင်ရွက်ရမည်။

(ခ) စွန့်စားမှုအခြေပြုစောင့်ကြည့်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ကျင့်သုံးခြင်း၊

(ဂ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက သတ်မှတ်ပြဋ္ဌာန်းထားသော ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များနှင့် သတင်းပို့တင်ပြရန် သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မဖြစ်ပေါ်စေရန် အတွက် အချိန်နှင့် တပြေးညီ သတင်းပေးပို့ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

၁၀။ မူဝါဒပြင်ဆင်ဆောင်ရွက်ခြင်း

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အတွက်ဆက်သွယ်ဆောင်ရွက်သူ အပေါ်အလေးထားစိစစ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒကို အလုပ်အမှုဆောင်ကော်မတီဝင်များ၇၀%၏ သဘောတူညီချက်ဖြင့် ပြင်ဆင် ဆောင်ရွက်နိုင်ပါသည်။